**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်ထောင်စုရာထူးဝန်အဖွဲ့**

**လျှောက်လွှာခေါ်ယူခြင်း**

**ကြော်ငြာစာအမှတ်၊ ၂ / ၂၀၂၅**

**၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၂ ရက်**

**( ၂၀၂၅ ခုနှစ်၊ ဇူလိုင် လ ၁၁ ရက် )**

၁။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်စီမံရေးရာဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာအတွက် **Online** စနစ်ဖြင့် **e-Recruitment and Selection System (e – RSS) (UCSB e-RSS Mobile Application နှင့် UCSB e-RSS Web Based)**တို့ကို အသုံးပြု၍ ၁ – ၈ – ၂၀၂၅ရက်နေ့ နောက်ဆုံးထား၍ ဝင်ရောက်လျှောက်ထားနိုင်ပါသည် –

| **ရာထူး** | **လစ်လပ်** | **ပညာအရည်အချင်း** |
|---|---|---|
| ဌာနစုမှူး(၂)/ တတိယအတွင်းဝန် **(အမျိုးသား)** | ၁၀ နေရာ | တက္ကသိုလ်တစ်ခုခုမှ ဝိဇ္ဇာဘွဲ့/သိပ္ပံဘွဲ့(အထူးပြု ဘာသာရပ်များ)/ဥပဒေဘွဲ့/နိုင်ငံခြားဘာသာဘွဲ့များ/ စီးပွားရေးဘွဲ့များ/ကွန်ပျူတာဘွဲ့များမှအပ ကျန်ဘွဲ့များ အကျုံးမဝင်ပါ။ |
| **(အမျိုးသမီး)** | ၁၀ နေရာ | |

၂။ လျှောက်ထားသူသည် –

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊

(ခ) ၁ – ၈ – ၂၀၂၅ **ရက်နေ့တွင်** ပြင်ပပုဂ္ဂိုလ် အသက်(၂၅)နှစ် [မဟာဘွဲ့/ပါရဂူဘွဲ့ရရှိပြီး သူများနှင့် အခြားဝန်ကြီးဌာနမှ ဝန်ထမ်းဖြစ်ပါက အသက် (၃၀) နှစ်]ထက်မကျော် လွန်သူဖြစ်ရမည်၊

(ဂ) နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းဖြစ်ပါက [ရိုးရိုးဘွဲ့ရရှိပြီးသူ အသက် (၃၅)နှစ်၊ မဟာဘွဲ့/ပါရဂူဘွဲ့ရရှိပြီးသူ အသက် (၄၀)နှစ်]ထက် မကျော်လွန်သူဖြစ်ရမည်၊

(ဂ) ကျန်းမာရေးကောင်းမွန်ပြီး နေရာဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

၃။ အထက်စာပိုဒ်(၁)ပါ နိုင်ငံခြားရေးဝန်ကြီးဌာနမှ လစ်လပ်ရာထူး(၂၀)နေရာအတွက် နိုင်ငံ့ ဝန်ထမ်းနည်းဥပဒေများ နည်းဥပဒေ ၂၁၀၊ နည်းဥပဒေခွဲ (ဇ)အရ ရာထူးမှထုတ်ပယ်ခံရသူများ

လျှောက်ထားလာပါက လက်ခံရယူလိုခြင်းမရှိပါကြောင်း ဖော်ပြထားပါသည်။ ရာထူးမှထုတ်ပယ်ခံရသူများ လျှောက်ထားလာပါက ရွေးချယ်မည်မဟုတ်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။

၄။ လျှောက်ထားသူသည် အင်္ဂလိပ်ဘာသာနှင့် နိုင်ငံခြားဘာသာစကားတစ်ခုခု ကျွမ်းကျင်စွာ တတ်မြောက်သူဖြစ်ပါက ထိုသို့ကျွမ်းကျင်မှုအတွက် ရရှိသောဘွဲ့ (သို့မဟုတ်) ဒီပလိုမာလက်မှတ် မိတ္တူကို လျှောက်လွှာတွင် ပူးတွဲတင်ပြရမည်။

၅။ **ကြော်ငြာစာအမှတ်(၂/၂၀၂၅)ဖြင့် ခေါ်ယူထားသည့် ဌာနစုမှူး(၂)/တတိယအတွင်းဝန် (အမျိုးသား/ အမျိုးသမီး)ရာထူး (၂၀)နေရာအတွက် လျှောက်ထားပြီးသူများသည် ကြော်ငြာစာ အမှတ်(၁/၂၀၂၅)တွင် ထပ်မံလျှောက်ထားရန်မလိုပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။**

၆။ လျှောက်လွှာတင်သွင်းလိုသူများသည် မိမိတို့နှင့်သက်ဆိုင်သော ကိုယ်ရေးအချက်အလက်များကို **မှန်ကန်စွာဖြည့်သွင်း၍ အချိန်မီလျှောက်ထားရမည်။ လျှောက်လွှာတွင် ဖြည့်သွင်းရမည့် အချက်အလက်များကို လိမ်လည်တင်ပြခြင်း၊ ထိမ်ချန်ထားခြင်းနှင့် မရိုးသားမှုတစ်ခုခုဖြင့် လျှောက်ထားခြင်း၊ ဖြေဆိုခြင်းတို့ကို စိစစ်တွေ့ရှိရပါက ပြန်တမ်းဝင်အရာရှိအဆင့် ရေးဖြေစာမေးပွဲဖြေဆိုခွင့်ပယ်ဖျက်ခြင်း၊ ရွေးချယ်ခံရသည့်တိုင် ရွေးချယ်သူများ၏ အမည်စာရင်းမှ ပယ်ဖျက်ခြင်းခံရမည်ဖြစ်သည့်အပြင် ၎င်းပုဂ္ဂိုလ်များကိုလည်း ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ မှတ်တမ်း၌ အမည်မည်းစာရင်းအဖြစ် ထားရှိမည်ဖြစ်ပါသည်။** လျှောက်ထားသူများနေဖြင့် UCSB e-RSS Mobile Application ကို အသုံးပြု၍ Google Play Store နှင့် Apple Store တို့မှတစ်ဆင့် Download ရယူ၍ အသုံးပြုရန် (သို့မဟုတ်) UCSB e-RSS Web Based အသုံးပြု၍ e-recruitment.ucsb.gov.mm သို့ ဝင်ရောက်ကာ မှတ်ပုံတင်ပြုလုပ်ပြီး စနစ်တွင်ကိုယ်ပိုင် Account တစ်ခု တည်ဆောက်ရပါမည်။ မှတ်ပုံတင်ပြုလုပ်ရန်အတွက် လျှောက်ထားသူ၏ ကိုယ်ပိုင် e-mail ကို အသုံးပြုရမည်ဖြစ်ပါသည်။ အသုံးပြုရာတွင် မြန်မာယူနီကုဒ် (ပြည်ထောင်စုစာလုံး Pyidaungsu Font) တစ်မျိုးတည်းကိုသာ အသုံးပြုရပါမည်။ အသုံးပြုနည်း အသေးစိတ်ကို User Guide အား Download ရယူ၍ ဖတ်ရှုလေ့လာကာ စနစ်အတွင်းသို့ ဝင်ရောက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၇။ **User Guide** နှင့် လျှောက်လွှာတင်သွင်းသူများလိုက်နာရန် လမ်းညွှန်ချက်စာစောင်ကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ **Website –www.ucsb.gov.mm နှင့် Myanmar National Web Portal – www.myanmar.gov.mm တို့တွင်လည်း** ဖော်ပြပေးထားပြီး တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့ရုံးများတွင် ဝယ်ယူဖတ်ရှုလေ့လာနိုင်ပါသည်။ **လျှောက်လွှာတွင်** ဖော်ပြရမည့် အချက်များ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းမိတ္တူများ၊ ဝင်ကြေးငွေ ၅၀၀၀/- ပေးသွင်းရမည့် နည်းလမ်း၊ ရေးဖြေစာမေးပွဲစစ်ဆေးခြင်း၊ စိတ်အခြေအနေနှင့် လူတွေ့စစ်ဆေးခြင်းတို့အတွက် လေ့လာရန် လိုအပ်ချက်များနှင့်စပ်လျဉ်း၍ **ပြည်ထောင်စုရာထူးဝန်အဖွဲ့က ကြော်ငြာခေါ်ယူသောရာထူးများ**

**အတွက် လျှောက်လွှာတင်သွင်းသူများလိုက်နာရန် လမ်းညွှန်ချက်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်ဖြစ်ပါသည်။

၈။ ဝင်ကြေးငွေပေးသွင်းရာတွင် Online Banking (သို့မဟုတ်) Manual နည်းလမ်း(၂)မျိုးဖြင့် ပေးသွင်းနိုင်ပါသည်။ Online Banking စနစ်ဖြင့်ပေးသွင်းရာတွင် CB Pay, Master, MPU, JCB, VISA payment method (၅)မျိုးဖြင့် ပေးသွင်းနိုင်ပါသည်။

**၉။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ကခေါ်ယူသော ပြန်တမ်းဝင်အရာရှိအဆင့်စတင်ခန့်လစ်လပ်ရာထူးနေရာများကို လျှောက်ထားရာတွင်-**

(က) **လျှောက်ထားသူသည် နိုင်ငံ့ဝန်ထမ်းဖြစ်ပါက လျှောက်လွှာမိတ္တူ(၁)စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် ဌာနမှတစ်ဆင့်သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းသို့ အဆင့်ဆင့်တင်ပြပြီး ဝန်ကြီးဌာန၊ အဖွဲ့အစည်း၏ ခွင့်ပြုစာနှင့်အတူ ဝန်ထမ်းစည်းကမ်းဆိုင်ရာ ပြစ်ဒဏ်ကျခံဆဲ ဟုတ်၊ မဟုတ် ထောက်ခံချက်ပူးတွဲလျက် လျှောက်လွှာပိတ်ပြီး ရက်သတ္တ(၂)ပတ် (၁၄ ရက်)အတွင်း ( ၁၅-၈-၂၀၂၅ )ရက်နေ့နောက်ဆုံးထား၍**ပေးပို့ရမည်။ အချိန်မီပေးပို့ခြင်းမရှိပါက ဖြေဆိုခွင့်ပြုမည်မဟုတ်ပါ၊

(ခ) **တာဝန်ထမ်းဆောင်ဆဲနိုင်ငံ့ဝန်ထမ်းနှင့် နိုင်ငံ့ဝန်ထမ်းအဖြစ် လုပ်ကိုင်ခဲ့ဘူးသူများ အနေဖြင့်ဝန်ထမ်းစည်းကမ်းဆိုင်ရာပြစ်ဒဏ်တစ်မျိုးမျိုးကျခံခဲ့ဖူးသူဖြစ်ပါက ပြစ်ဒဏ်အမျိုးအစားကို လျှောက်လွှာတွင် ထည့်သွင်းဖော်ပြလျှောက်ထားရမည်၊**

(ဂ) **ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်း (Dismissal) ခံရသူများအနေဖြင့် လျှောက်ထားခွင့်မရှိပါ။**

၁၀။ **လျှောက်ထားသူများသည် Online မှ လျှောက်လွှာတင်သွင်းစဉ်ကပင် လျှောက်လွှာနှင့်အတူ ချလန်၊ ဘွဲ့လက်မှတ်၊ ဘွဲ့နောက်ဆုံးနှစ်အမှတ်စာရင်း၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်၊ အလုပ်သမားမှတ်ပုံတင်ကတ်ပြားနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားစသည့် စာရွက်စာတမ်းမိတ္တူများ ပူးတွဲတင်ပြရမည်။ သတ်မှတ်စာရွက်စာတမ်းမိတ္တူမပါရှိသူများ၊ လျှောက်လွှာပိတ်ရက် ကျော်လွန်ပြီးမှ စာမေးပွဲဝင်ကြေးငွေပေးသွင်းထားသူများ၊ လျှောက်လွှာပိတ်ရက်ကျော်လွန်ပြီးမှ တင်သွင်းသူများကို စနစ်မှအလိုအလျောက်လက်ခံပေးမည် မဟုတ်ပါကြောင်းနှင့် Manual ဖြင့် ပေးပို့သည့် လျှောက်လွှာများကို (လုံးဝ) လက်ခံဆောင်ရွက်ပေးမည်မဟုတ်ပါ။**

၁၁။ **ရေးဖြေစာမေးပွဲစစ်ဆေးခြင်းကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ မကွေးနှင့် မော်လမြိုင်မြို့တို့တွင် စာစစ်ဌာန(၅)ခုဖြင့် တစ်ပြိုင်တည်း ကျင်းပမည်ဖြစ်သည့်အတွက် စာစစ်ဌာန(၅)ခုအနက် မိမိတို့ဖြေဆိုမည့် စာစစ်ဌာန(၁)ခုကို ရွေးချယ်ဖော်ပြလျှောက်ထားရမည်ဖြစ်ပြီး အဆိုပါစာစစ်ဌာန၌သာ ဖြေဆိုခွင့်ပြုမည်ဖြစ်ပါကြောင်းနှင့် အခြားစာစစ်ဌာနများသို့ ပြောင်းရွှေ့ဖြေဆိုခွင့်ပြုမည်မဟုတ်ပါကြောင်းအသိပေးဖော်ပြအပ်ပါသည်။**

၁၂။ **ရေးဖြေစာမေးပွဲစစ်ဆေးခြင်းအတွက် ဖြေဆိုခွင့်ရရှိသူများသည်** သက်ဆိုင်ရာစာစစ်ဌာနအလိုက် ဖြေဆိုရမည့်ကျောင်း၊ စာဖြေခန်းတို့ကို **ခုံအမှတ်စာရင်းနှင့်အတူယှဉ်တွဲဖော်ပြကာ ၂၉ – ၈ – ၂၀၂၅ ရက်နေ့မှ စတင်၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Website , Web Protal နှင့်Myanmar National Web Portal တို့တွင် ထုတ်ပြန်ကြေညာပေးထားမည်ဖြစ်ပြီး စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၄ – ၉ – ၂၀၂၅ နှင့် ၅ – ၉ –၂၀၂၅ ရက်နေ့တို့တွင် နေပြည်တော်နှင့် စာစစ်ဌာနတည်ရှိရာ တိုင်းဒေသကြီး နှင့် ပြည်နယ်အစိုးရအဖွဲ့ရုံးများ၌ ထုတ်ပေးမည်ဖြစ်ပါသည်။**

၁၃။ ရေးဖြေစာမေးပွဲကို ၆ – ၉ – ၂၀၂၅ ရက် (စနေနေ့)တွင် ၀၉:၀၀ နာရီ မှ ၁၁ : ၀၀ နာရီ အထိ မြန်မာစာနှင့် ၁၃:၀၀နာရီ မှ ၁၆:၀၀နာရီအထိ အင်္ဂလိပ်စာဘာသာရပ်ကို လည်းကောင်း၊ ၇– ၉ –၂၀၂၅ ရက် (တနင်္ဂနွေနေ့)တွင် ၀၉:၀၀နာရီ မှ ၁၁:၀၀နာရီအထိ သုတရေးရာဘာသာရပ် ကို လည်းကောင်း ဖြေဆိုရမည်ဖြစ်ပါသည်။

၁၄။ ရေးဖြေအောင်မြင်သူများ၏ အမည်စာရင်း၊ စိတ်အခြေအနေနှင့် လူတွေ့စစ်ဆေးမည့်နေ့ရက်နှင့် အချိန်တို့ကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Website, Web Portal နှင့် Myanmar National Web Portal တို့တွင် ထုတ်ပြန်ကြေညာပေးထားမည်ဖြစ်ပါသည်။

၁၅။ အခြားစုံစမ်းမေးမြန်းလိုချက်ရှိပါက ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇)၊ နေပြည်တော်၊ (တယ်လီဖုန်းအမှတ်၊ ၀၆၇ – ၃၄၀၉၀၅၂ ၊ ၀၆၇ – ၃၄၀၉၄၃၀၊ ၀၉–၄၂၄၄၀၈၉၅၄၊ ၀၉–၄၂၀၇၀၆၆၀၅၊ ၀၉ – ၇၉၇၇၂၇၆၉၆ ၊ ၀၉ – ၄၄၁၉၃၇၃၄၃ နှင့် ၀၉ – ၂၆၂၅၀၂၉၈၈ )သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။